ALTSEAN BURMA
SINCE 1996

Advocacy
Capacity-building
Strategic Initiatives

BN 2024/2102 13 Dec 2024

# နယ်နိမိတ်ဖြတ်ကျော် ဖိနှိပ်မှုများ တရားမဝင်စစ်အစိုးရ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) သည် ပြည်ပရောက်မြန်မာအသိုင်းအဝိုင်းကိုတောက်လျှောက် စောင့်ကြည့်ချောင်းမြောင်းခဲ့သည်။

- **ထိုင်း၊မလေးရှား၊အိန္ဒိယ၊ဘင်္ဂလားဒေ့ရှ် တို့သည်မြန်မာ့လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် အရပ်သားများပြည်ပတွင်ရှိစဉ် တရားမဝင်စစ်အစိုးရ၏ တိုက်ခိုက်မှုများနှင့် ကြုံတွေ့စေပါသည်။**
- **တရားမဝင်စစ်အစိုးရသည် ပတ်စပို့များကို ဖျက်သိမ်းခြင်း၊ မိသားစုဝင်များကို ပစ်မှတ်ထားခြင်းနှင့် ဒစ်ဂျစ်တယ်ကမ်ပိန်းများကို အသုံးပြုခြင်းဖြင့် ကမ္ဘာတဝှမ်းရှိ တက်ကြွလှုပ်ရှားသူများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည် ။**
- **ဒေသတွင်းရှိ အစိုးရများအနေဖြင့်အာဏာသိမ်း စစ်တပ်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုသည် ဒုက္ခသည်များ ဖမ်းဆီးခံရခြင်း၊ နေရပ်ပြန်ရခြင်း၊  အတင်းအကျပ်နေရပ်ပြန်လည်ပို့ဆောင်ခံရခြင်းများကို ဖြစ်ပေါ်စေလျက်ရှိသည်။**
- **အိမ်နီးချင်းနိုင်ငံများ၏ ဒုက္ခသည်များ၊ ရွှေ့ပြောင်းနေထိုင်သူများကိုပြစ်ဒဏ်ခတ်လေ့ ရှိသည့် ချဉ်းကပ်မှုများ သည် ထိုအသိုင်းအဝိုင်းအတွက် ပျောက်ဆုံးမှု၊ အတင်းအကျပ်နေရပ် ပြန်လည်ပို့ဆောင်ခံရမှု၊ ပြည်ပရောက် အသိုင်းအဝိုင်းများ နှောင့်ယှက်ခံရမှုများကို  တရားမဝင်စစ်တပ်က ကျူးလွန်ရန်အတွက် အခွင့်အလမ်းများပေးလျက်ရှိသည်။**
- **တရားမဝင်စစ်အစိုးရ၏ အတင်းအဓမ္မပြဌာန်းထားသော စစ်မှုထမ်းဥပဒေသည် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းထွက်ပြေးလာသည့် လူငယ်အမျိုးသားနှင့်အမျိုးသမီးများ အတွက် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR)  အန္တရာယ်ကို သိသိသာသာ တိုးစေသည်။**

**အကြောင်းအရာများ**

**၁ တရားမဝင်စစ်အစိုးရ၏ နယ်နိမိတ်ကျော်လွန်ဖိနှိပ်မှုများ**
**၂ တရားမဝင်စစ်အစိုးရ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR)   နည်းဗျူဟာများ**
**၅ အိမ်နီးချင်းနိုင်ငံများသည်မြန်မာများ အတွက် လုံခြုံသောနေရာများဖြစ်ရန် အလှမ်းဝေးလျက်ရှိနေသည်**
**၅ ထိုင်းနိုင်ငံ - မူဝါဒ ပြုပြင်ပြောင်းလဲမှုများ သည် ဆက်လက်ဖြစ်ပေါ်နေသော နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ၏ ခြိမ်းခြောက်မှုများကို ဖုံးကွယ်လျက်ရှိသည်။**
**၈ မလေးရှား- ဒုက္ခသည်များအပေါ် အထင်အမြင်သေးဆက်ဆံမှုများသည်စစ်အစိုးရ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိုခွင့်ပြုလျက်ရှိသည်**
**၁၀ ဘင်္ဂလားဒေ့ရှ်: အစိုးရ၏ လျစ်လျူရှုခြင်းသည် နယ်စပ်ဖြတ်ကျော် အတင်းအကျပ် စစ်မှုထမ်းခိုင်းခြင်းကို ခွင့်ပြုလျက်ရှိသည်**
**၁၃ အိန္ဒိယ- တရားမဝင်စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုသည် တက်ကြွလှုပ်ရှားသူများ၊ ဒုက္ခသည်များအပေါ် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) အန္တရာယ်ကျရောက်စေသည်**
**၁၅ အကြံပြုချက်များ**

## တရားမဝင်စစ်အစိုးရ၏ နယ်နိမိတ်ကျော်လွန်ဖိနှိပ်မှုများ

**တရားမဝင်စစ်အစိုးရသည်**ဘင်္ဂလားဒေ့ရှ်၊အိန္ဒိယ၊လာအို၊မလေးရှားနှင့်ထိုင်းအပါအဝင်အိမ်နီးချင်းနိုင်ငံများတွင် **နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု(TNR)ကိုကျူးလွန်နေကြောင်း**အလွန်တရာများပြားသောအထောက်အထားများရှိသ




ည်။ **လူ့အခွင့်အရေးကာကွယ်သူများ၊စစ်အစိုးရဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများ၊**ဒုက္ခသည်များ**နှင့်သာမန်အရပ်သားများ**အပေါ်နေ့စဉ်နှင့်အမျှ**ခြိမ်းခြောက်မှုများတိုးမြင့်လာနေသည်။**၂၀၂၁ခုနှစ်အာဏာသိမ်းရန်ကြိုးပမ်းမှုမှစတင်ကာ ထောင်နှင့်ချီသောအရပ်သားများ သည်စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ကျယ်ပြန့်သော အကြမ်းဖက်မှုများနှင့် ပြင်းထန်စွာ နှိပ်စက်ညှဉ်းပန်းမှုများမှ လွတ်မြောက်ရန် မြန်မာနိုင်ငံမှ ထွက်ပြေးလာခဲ့သည်။၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ မှတ်တမ်းများအရ မြန်မာနိုင်ငံမှလူပေါင်း၁.၃သန်းကျော်သည်အခြားနေရာဒေသများသို့ခိုလှုံရန်ကြိုးပမ်းခဲ့ကြသည်။[1]သို့သော်လည်းအိမ်ရှင်နိုင်ငံအများစုသည်၎င်းတို့အား**အခြေခံကာကွယ်မှုများ**ကိုပေးဆောင်ရန်**ငြင်းဆိုခြင်း**နှင့်/သို့မဟုတ်**ပျက်ကွက်ခြင်း**များဖြစ်ခဲ့ကြသည်။

နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု(TNR)သည်နိုင်ငံများနှင့်အုပ်ချုပ်ရေးအာဏာပိုင်များက **"နယ်စပ်ဖြတ်ကျော်ကာ၎င်းတို့နှင့်သဘောထားကွဲလွဲသူများ၊ပြည်ပြေးများကိုနှုတ်ပိတ်သည့်အခါများ"** တွင်ဖြစ်ပွားသည်။ **နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်မှုဖြင့်** စောင့်ကြည့်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ နေရပ်သို့ အတင်းအကျပ်ပြန်လည်ပို့ဆောင်ခြင်း များဆောင်ရွက်ရန် ပြုလုပ်လေ့ရှိသည်။[2]

ကမ္ဘာတဝှမ်းတွင်စစ်အစိုးရသည်ဤအပြုအမူများကိုအတိအကျလုပ်ဆောင်လျက်ရှိသည်။**နိုင်ငံအစိုးရများအား**အတိုက်အခံများကိုဖမ်းဆီးကာ**အတင်းအကြပ်ပြန်ပို့ရန်ဖိအားပေးခြင်း**[3]၊ အတင်းအဓမ္မ ပျောက်ကွယ်စေမှုနှင့်/သို့မဟုတ် စစ်အစိုးရနှင့် သဘောထားကွဲလွဲသူများကို **လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းခြင်း**[4] အွန်လိုင်းတွင် ခြိမ်းခြောက်နှောင့်ယှက်ခြင်း[5]၊အတိုက်အခံများ၏မိသားစုဝင်များကိုတိုက်ခိုက်ဖမ်းဆီးခြင်း နှင့်အတိုက်အခံများ၊ ပြည်ပရောက်နိုင်ငံသားများ၏ **နိုင်ငံကူးလက်မှတ်များကို ဖျက်သိမ်းခြင်းများ**[6] လုပ်ဆောင်ခဲ့သည်။ ဤနိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) လုပ်ရပ်များသည် ပြည်ပရောက်အသိုင်းအဝိုင်းတစ်ခုလုံး၏ ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုအပေါ် ပြင်းထန်သောသက်ရောက်မှုများရှိသည်။[7]အိမ်နီးချင်းနိုင်ငံများသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုကို ရှုတ်ချသော်လည်း၊ ၎င်းတို့၏ နယ်နိမိတ် ပေါ်တွင် **စစ်အာဏာရှင်၏ တိုက်ခိုက်မှုနှင့် နှောင့်ယှက်မှုတွေအား ဆက်လက်ခွင့်ပြု**ထားသည်။

**စစ်အစိုးရ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) နည်းဗျူဟာများ**

---

[1] UNHCR (30 Jun 2024) Operational Data Portal, Myanmar Situation
[2] Freedom House (Jul 2024) What is transnational repression?
[3] Radio Free Asia (8 May 2024) Lao police arrest and hand over 17 Myanmar citizens to military junta
[4] Benar News (28 Jul 2024) US convicts Burmese national in conspiracy to attack Myanmar envoy to UN
[5] Irrawaddy (14 Jun 2023) Myanmar Junta Steps Up Efforts to Monitor, Silence Perceived Online Critics
[6] Myanmar Now (30 Oct 2023) Myanmar regime cancels passports of expatriates in Singapore
[7] Border Voices Team (Jun 2024) We Don't Feel Safe: Participatory Research on transnational repression against Myanmar diaspora in Mae Sot, Thailand

အာဏာသိမ်းရန် ကြိုးပမ်းသည့်အချိန်မှစ၍ စစ်အစိုးရသည် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အတိုက်အခံများကို နှုတ်ပိတ်ရန်အတွက် ၎င်း၏ မတရားမှုများကို ပြည်ပနိုင်ငံများအထိပါ နယ်နိမိတ်ဖြတ်ကျော် ဖိနှိပ်မှုများလုပ်ဆောင်ကျူးလွန်လျက်ရှိသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် FBI မှ မြန်မာစစ်အစိုးရ ဆန့်ကျင်ရေးလှုပ်ရှားနေသည့် နယူးယောက်ခ်မြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် **ဦးကျော်မိုးထွန်းကိုလုပ်ကြံသတ်ဖြတ်ရန်ကြံစည်**သည့်မြန်မာနိုင်ငံသားနှစ်ဦးကိုဖမ်းဆီးထုတ်ဖော်ခဲ့သည်။စစ်အစိုးရ အရာရှိများနှင့်နီးစပ်သောလက်နက်ရောင်းဝယ်သူဦးအေးကိုသည် ဖမ်းဆီးခံရသူနှစ်ဦးထံ လုပ်ကြံမှုအတွက်ငွေလွှဲပေးသည်ဟုတွေ့ရှိရသည်။[8]

**အိမ်နီးချင်းနိုင်ငံတစ်ခုနှင့်အာဏာသိမ်းစစ်တပ်ပူးပေါင်းဆောင်ရွက်မှု**၏ ရှင်းရှင်းလင်းလင်း သာဓကတစ်ခုအနေဖြင့် ၂၀၂၄ ခုနှစ် မေလ ၃ ရက်နေ့တွင် မြန်မာ-လာအိုနယ်စပ်၊ တာချီလိတ်မြို့နယ် (ရှမ်းပြည်နယ်မြောက်ပိုင်း)**အနီးတွင်လာအိုအာဏာပိုင်များကတက်ကြွလှုပ်ရှားသူ၁၇ဦးကိုတရားမဝင်စစ်အစိုးရထံလွှဲပြောင်းပေးအပ်**ခဲ့သည်။ လာအိုနိုင်ငံရှိ မြန်မာဒုက္ခသည်များအတွက် ရန်ပုံငွေရှာနေစဉ် ဧပြီလ ၁၃ ရက်နေ့တွင် လာအိုရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ယင်းနောက်ဖမ်းဆီးခံရသူအားလုံးကိုရှမ်းပြည်နယ်ရွှေတြိဂံတိုင်းစစ်ဌာနချုပ်တွင် တရားမဝင် စစ်အစိုးရက စစ်ဆေးမေးမြန်းခဲ့သည်။[9]

တရားမဝင်အာဏာသိမ်းစစ်တပ်သည်**နိုင်ငံကူးလက်မှတ်ထိန်းချုပ်မှု**ကိုကျယ်ကျယ်ပြန့်ပြန့်လုပ်နေသည်။၂၀၂၃ ခုနှစ်အောက်တိုဘာလတွင်စစ်အစိုးရသည်စင်္ကာပူတွင်အမြဲတမ်းနေထိုင်သူအနည်းဆုံးမြန်မာနိုင်ငံသားသုံးဦး၏ **နိုင်ငံကူးလက်မှတ်များကိုပယ်ဖျက်**ခဲ့ကြောင်းသတင်းရရှိပါသည်။စစ်အစိုးရဘက်တော်သားတယ်လီဂရမ်ချန်နယ်များကစစ်အစိုးရကိုဆန့်ကျင်ရန်ရန်ပုံငွေပံ့ပိုးပေးသောစင်ကာပူရှိမြန်မာနိုင်ငံသားများကိုဖမ်းဆီးရန်ပြောဆိုခဲ့ကြောင်းသိရသည်။ပတ်စ်ပို့ကိုင်ဆောင်ထားသူများအနက်တစ်ဦးကမူ**စစ်အစိုးရဆန့်ကျင်ရေးရန်ပုံငွေ**အတွက်လုပ်ဆောင်ခဲ့ပြီးအခြားသူများကလုပ်ဆောင်ခြင်းမရှိဟုဆိုသည်။[10] ပြည်ပရောက် မြန်မာအသိုင်းအဝန်းတော်တော်များများမှလည်း၎င်းတို့၏နိုင်ငံကူးလက်မှတ်များဖျက်သိမ်းခံရခြင်း (သို့မဟုတ်) စစ်အစိုးရ၏သံရုံးများတွင်၎င်းတို့၏နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရန်အခက်အခဲများကြုံတွေ့နေရကြောင်းအစီရင်ခံထားသည်။ တက်ကြွလှုပ်ရှားသူအချို့၏ ပြောဆိုချက်အရ စစ်အစိုးရသည် ထိုင်းနိုင်ငံရှိ CDM သမားများနှင့် ၎င်းတို့အမည်မဲ စာရင်းသွင်းထားသော ပုဂ္ဂိုလ်များအတွက် အသိအမှတ်ပြု လက်မှတ်များ (Certificates of Identity CIs) **ထုတ်ပေးရန် ငြင်းဆို**ထားကြောင်း သိရသည်။ CI များကို ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများက နိုင်ငံသားအဖြစ် သက်သေပြရာတွင် အသုံးပြုသည်။[11]

၂၀၂၄ခုနှစ်ဖေဖော်ဝါရီမှစတင်၍တရားမဝင်စစ်အစိုးရ၏ **အတင်းအကျပ်စစ်မှုထမ်းဥပဒေ**ကို အကောင်အထည်ဖော်မှုကြောင့်မြန်မာနိုင်ငံမှလူငယ်အမျိုးသားနှင့်အမျိုးသမီးများကြုံတွေ့နေရသော TNR အန္တရာယ်မှာသိသာထင်ရှားစွာ မြင့်တက်လာခဲ့သည်။ ထောင်ချီသောလူငယ်များသည် စစ်မှုထမ်းခြင်းမှ လွတ်မြောက်ရန်နိုင်ငံတွင်းမှ ထွက်ပြေးခဲ့ကြသည်။ တန်ပြန်သည့်အနေဖြင့်တရားမဝင် စစ်အစိုးရသည် ၂၀၂၄ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်ရန် Passport for Job (PJ) ပတ်စပို့ကိုင်ဆောင်ထားသော ၂၃ နှစ်မှ ၃၁ နှစ်အကြားရှိအမျိုးသားများကို **နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ခြင်း** ကိုတားမြစ်ခဲ့သည်။ ထို့နောက် ဇွန်လ ၆

[8] Irrawaddy (1 Sep 2021) UN Ambassador Assassination Plot Shines Spotlight on Shady Myanmar Businessman
[9] RFA (8 May 2024) Lao police arrest and hand over 17 Myanmar citizens to military junta
[10] Myanmar Now (30 Oct 2023) Myanmar regime cancels passports of expatriates in Singapore
[11] ALTSEAN-Burma (Dec 2023) Consultations with CBOs

ရက်နေ့တွင် မြန်မာနိုင်ငံမှ စွန့်ခွာထွက်ပြေးရန် နည်းလမ်းတစ်ခုဖြစ်သည့် PJ ပတ်စပို့မှ Passport for Visit (PV) ပတ်စပို့သို့ ပြောင်းလဲမှုအား တရားမဝင်စစ်အစိုးရကတားမြစ်ပိတ်ပင်ခဲ့သည်။[12]

နိုင်ငံရပ်ခြားသို့ရောက်ရှိပြီးသားသူများကိုတရားမဝင်စစ်အစိုးရသည်အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက် ၍ **မြန်မာနိုင်ငံသို့ အတင်းအကြပ်ပြန်ခိုင်းမှုများ**ရှိနေသည်။ ထိုင်းနိုင်ငံတွင်၂၀၂၄ ခုနှစ်ဖေဖော်ဝါရီ ၁၅ ရက်မှ မေလ ၂၇ ရက်အတွင်း တရားမဝင် အာဏာသိမ်းစစ်တပ်၏ စစ်မှုထမ်းခြင်းဥပဒေကို ရှောင်လွှဲရန်အတွက် ထိုင်းနိုင်ငံတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းသူအနည်းဆုံး ၉၁၈ ဦးကို ဖမ်းဆီးခဲ့သည်။[13] ၂၀၂၄ ခုနှစ် သြဂုတ်လ ၁၆ ရက်တွင် RFA ၏ အစီအရင်ခံစာအရ ထိုင်းနိုင်ငံမှ ကော့သောင်းမြို့နယ် (တနင်္သာရီတိုင်းဒေသကြီး)သို့အတင်းအကြပ်ပြန်ပို့ခံရသောလူ၂၇၀အနက်၇၁ဦးကိုစစ်အစိုးရက**အတင်းအဓမ္မတပ်သားစုဆောင်း**ခဲ့ကြောင်းသိရသည်။[14]

စစ်အစိုးရသည် အွန်လိုင်းအသုံးပြုသူများကို စောင့်ကြည့်ရန်၊ လူသိရှင်ကြား ပစ်မှတ်ထားပြီး ခြိမ်းခြောက်ရန် **ဒစ်ဂျစ်တယ် ကမ်ပိန်းများကို** အသုံးပြုသည်။[15] တရားမဝင်စစ်အစိုးရဘက်တော်သား တက်ကြွလှုပ်ရှားသူများသည်တယ်လီဂရမ်ချန်နယ်များမှတစ်ဆင့်**ငွေညှစ်ခြင်း၊ခြိမ်းခြောက်ခြင်းနှင့်ပြည်တွင်း၊ပြည်ပရှိအတိုက်အခံများ၏ မိသားစုဝင်များကို ပစ်မှတ်ထား အကြပ်ကိုင်ခြင်း**တို့ကိုလုပ်ဆောင်နေသည်။ အဆိုပါချန်နယ်များသည် ဝါဒဖြန့်ချိရေးကိရိယာများကဲ့သို့ လုပ်ဆောင်ရုံသာမက ထောက်လှမ်းရေး စုစည်းမှုကွန်ရက်များအဖြစ်လည်း **စစ်အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများလုပ်ဆောင်သည့်အရပ်သားများ** ၊ CDM၊ PDF၊ NUG အဖွဲ့ဝင်များ၊ စစ်အစိုးရဆန့်ကျင်ရေးပရဟိတသမားများ၊စီးပွားရေးပိုင်ရှင်များနှင့်၊ စစ်အာဏာရှင် ဆန့်ကျင်ရေး အွန်လိုင်းလှုပ်ရှားမှုများတွင်ပါဝင်သည့် သာမန်လူပုဂ္ဂိုလ်များကို ဖမ်းဆီးရန် ပြောဆိုလေ့ရှိသည်။[16] ဖြစ်စဉ်အများအပြား၌ ထွက်ပြေးခဲ့ပြီးသောတရားမဝင်စစ်အစိုးရဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများ၏**မိသားစုဝင်များ**ကို တရားမဝင်စစ်အစိုးရကဖမ်းဆီးခြင်း၊နှောင့်ယှက်ခြင်းနှင့်မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်သည်ကိုတွေ့ရသည်။[17] အထူးသဖြင့်အမျိုးသမီးများသည်၎င်းတို့၏ ထိခိုက်လွယ်မှုကို ပိုမိုဆိုးရွားစေသော **လိင်ပိုင်းဆိုင်ရာ ဒစ်ဂျစ်တယ်ဖိနှိပ်မှု**အပါအဝင် အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။[18]

နောက်ဆုံးအနေဖြင့်**ရိုဟင်ဂျာဆန့်ကျင်ရေးအမုန်းစကားကမ်ပိန်းများကို** ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင် လုပ်ဆောင်လျက်ရှိသည်။ အဆိုပါ လှုံ့ဆော်မှုကမ်ပိန်းများသည် စနစ်တကျ စီစဉ်ထားပြီး၊ မကြာခဏဆိုသလိုနိုင်ငံဖြတ်ကျော်ကာရိုဟင်ဂျာအသိုက်အဝန်းအတွက်ဆိုးရွားသောသက်ရောက်မှုများဖြစ်ပေါ်စေသည်။[19]သို့သော်လည်း အဆိုပါလှုပ်ရှားမှုကမ်ပိန်းများကို တွန်းအားပေးရာတွင် တရားမဝင် စစ်အစိုးရ၏ အခန်းကဏ္ဍကိုဆုံးဖြတ်ရန် ထပ်မံ၍သုတေသနပြုလုပ်ရန် လိုအပ်သည်။

## အိမ်နီးချင်းနိုင်ငံများသည်မြန်မာများအတွက် လုံခြုံသောနေရာများဖြစ်ရန် အလှမ်းဝေးလျက်ရှိသည်။

[12] Mizzima News (17 June 2024) Junta imposes stricter rules on passport-type conversions amid rising emigration tensions
[13] Irrawaddy (30 May 2024) Illegal Entry Arrests Surge in Thailand Amid Forced Military Conscription in Myanmar
[14] Radio Free Asia (16 Aug 2024) Junta forcibly recruits dozens of Myanmar nationals deported by Thailand
[15] DW Akademie (5 Apr 2024) How Myanmar's military regime weaponizes disinformation against independent media
[16] The Irrawaddy (21 Nov 2023) Pro-Myanmar junta telegram channels prey on public with threats of exposure, extortion
[17] ALTSEAN-Burma (Dec 2023) Consultations with CBOs
[18] Border Voices Team (Jun 2024) We Don't Feel Safe: Participatory Research on transnational repression against Myanmar
[19] The Wire (20 Jan 2024) Rohingya Refugees File PIL Against Facebook in Delhi High Court; AFP via Myanmar Now (8 Feb 2024) Fake news, online hate swell Indonesia anti-Rohingya sentiment; Channel News Asia (15 Jun 2024) IN FOCUS: Alleged 'double standard' treatment of Palestinian, Rohingya refugees stirring debate, concerns in Malaysia

**ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၌ ပြည်ပရောက်မြန်မာအသိုက်အဝန်းများ** အများအပြား ရှိနေပြီး ၄င်းတို့၏ အစိုးရများသည် အာဏာသိမ်းစစ်အစိုးရ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) တွင် **တက်ကြွစွာ ပါဝင်ခဲ့ကြခြင်း** သို့မဟုတ် **နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR)** ကို၄င်းတို့၏နယ်နိမိတ်အတွင်း ဆောင် ရွက်ရန် **ခွင့်ပြု**ထားသည်။ ထိုနိုင်ငံများသည် ၁၉၅၁ ခုနှစ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ သဘောတူညီချက်နှင့် ၁၉၆၇ ခုနှစ် နောက်ဆက်တွဲ ပရိုတိုကော (သို့မဟုတ်) ၁၉၅၄၊ ၁၉၆၁ နိုင်ငံမဲ့ဖြစ်ခြင်းဆိုင်ရာသဘောတူညီချက်များကို **လက်မှတ်ရေးထိုးထားခြင်းမရှိ**ပါ။ထို့ကြောင့်**ဒုက္ခသည်များကိုတရားဝင်အသိအမှတ်ပြုခြင်းမရှိ**ဘဲ စစ်အစိုးရ၏ ဖိနှိပ်မှုမှ ထွက်ပြေးလာသူများကို ကန့်သတ်အခွင့်အရေးများနှင့် အကာအကွယ်များသာ ပေးထားသည်။ ဤနိုင်ငံများတွင်ဒုက္ခသည်အကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် ပြည်တွင်းဥပဒေများနှင့် ယန္တရားများသည် တစ်ခါတရံမလုံလောက်ခြင်း၊နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု(TNR)ကိုလုပ်ဆောင်နိုင်စေမည့် ဟာကွက်များရှိနေခြင်းများဖြစ်နေသည်။ဤနိုင်ငံများနှင့်စစ်အစိုးရကြား**ခိုင်မာသောစီးပွားရေးဆက်ဆံမှုများနှင့်သံတမန်ဆက်ဆံရေးများ**သည်မြန်မာလူ့အခွင့်အရေးကာကွယ်သူများ၊ရွှေ့ပြောင်းနေထိုင်သူများနှင့် တက်ကြွလှုပ်ရှားသူများအတွက် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ၏အန္တရာယ်ကို **ဖြစ်ပေါ်စေ (သို့မဟုတ်) မြှင့်တင်ပေး**လျက်ရှိသည်။

## ထိုင်းနိုင်ငံ - မူဝါဒ ပြုပြင်ပြောင်းလဲမှုများသည် ဆက်လက်ဖြစ်ပေါ်နေသော TNR ၏ခြိမ်းခြောက်မှုများကို ဖုံးကွယ်လျက်ရှိသည်။

ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်းကိုးခုတွင် နှစ်ရှည်လများခိုလှုံနေရသည့် မြန်မာဒုက္ခသည် တစ်သိန်းကျော်ရှိသည်။[20] ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် သောင်းချီသော ဒုက္ခသည်များ ထိုင်းနိုင်ငံကို ထွက်ပြေးလာပြီး ဒုက္ခသည်အရေအတွက်မှာပိုများလာသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ မှစတင်ပြီး စစ်အစိုးရ၏ စစ်မှုထမ်းဥပဒေကြောင့် ထွက်ပြေးလာသော လူငယ်အမျိုးသား၊ အမျိုးသမီး များမှာ ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။[21]ထိုင်းနိုင်ငံသည်နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု (TNR) နှင့်ပတ်သက်သည့် လုပ်ရပ်များကို တားဆီးရန် နိုင်ငံတကာနှင့် ပြည်တွင်းတာဝန်ဝတ္တရားများ ရှိနေသော်လည်း ထိုင်းနိုင်ငံ၏တရားဥပဒေဘောင်များ၏ လုံလောက်မှုမရှိသည့်ရလဒ်အနေဖြင့်နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု(TNR)အန္တရာယ်ရှိသူများနှင့်မြန်မာအသိုင်းအဝန်းများကိုလုံလောက်သောကာကွယ်မှုများမပေးနိုင်ဘဲမကြာခဏဆိုသလိုအန္တရာယ်များသက်ရောက်နေသည်။

ထိုင်းနိုင်ငံသည်လူတစ်ဦးချင်းစီကိုနိုင်ငံဖြတ်ကျော်ဖိနှိပ်မှု(TNR)မှကာကွယ်ပေးနိုင်သည့်နိုင်ငံတကာသဘောတူစာချုပ်များစွာတွင် ပါဝင်လက်မှတ်ရေးထိုးထားသည်။ **အတင်းအဓမ္မပျောက်ကွယ်သွားခြင်း**မှ လူအားလုံးကို အကာအကွယ်ပေးရေးအပြည်ပြည်ဆိုင်ရာသဘောတူညီချက်(ICPPED)[22] နှင့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ယုတ်ညံ့သော ဆက်ဆံမှု ဆန့်ကျင်ရေး သဘောတူညီချက် (UNCAT)[23]များပါဝင်သည်။ ICPPED ၏ အပိုဒ် ၁၆ နှင့် UNCAT ၏ အပိုဒ် ၃ တို့ အရ ထိုင်းနိုင်ငံသည် လူတစ်ဦးချင်းစီအား အတင်းအဓမ္မ ပျောက်ဆုံးသွားနိုင်သည့် အန္တရာယ်သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်ကြုံတွေ့ရနိုင်သည့်အခြေအနေများသို့**အတင်းအကြပ်ပြန်လည်ပို့ဆောင်ခြင်းများမှရှောင်ကြဉ်ရန်**ကတိပြုထားသည်။သဘောတူညီချက်နှစ်ခုလုံးနှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက်

---

[20] TBC (01 Jul 2024) Refugee Camp Population: 2024
[21] Than Lwin Times via BNI (25 Mar 2024) Surge in Arrests
[22] United Nations General Assembly (23 Dec 2010) International Convention for the Protection of All Persons from Enforced Disappearance
[23] United Nations General Assembly (10 Dec 1984) Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment

ထိုင်းနိုင်ငံသည်၂၀၂၂ခုနှစ်တွင်**ညှဉ်းပန်းနှိပ်စက်မှုနှင့်အကြပ်ကိုင်ပျောက်ကွယ်မှုကြိုတင်ကာကွယ်ရေးနှင့်နှိမ်နှင်းရေးအက်ဥပဒေ**တို့ကိုတင်သွင်းခဲ့သည်။ အဆိုပါဥပဒေသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် အသက်ဝင်ခဲ့သည်။ ၎င်းသည် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အတင်းအဓမ္မ ပျောက်ဆုံးခြင်းတို့ကို တရားမဝင်ဟု သတ်မှတ်ထားပြီး နစ်နာသူများ၊ ၎င်းတို့၏မိသားစုများနှင့်အခြားသက်ဆိုင်သူများကိုတိုင်ကြားနိုင်ရန်ပြဋ္ဌာန်းချက်များပေးအပ်ထားသည်။ သို့သော်လည်းထိုင်းနိုင်ငံသည်ကုလသမဂ္ဂဆပ်ကော်မတီကအကျဉ်းထောင်အခြေအနေများကိုပုံမှန်သွားရောက်စစ်ဆေးနိုင်သည့် UNCAT ပရိုတိုကောတွင် လက်မှတ်မထိုးရသေးပါ။[24]

ထိုင်းနိုင်ငံသည် ၎င်း၏ **National Screening Mechanism (NSM)** ယန္တရား ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။သီအိုရီအရNSMသည်"နှိပ်စက်ညှဉ်းပန်းခြင်းကိုအခြေခံထားသောကြောက်ရွံ့ခြင်း"ကိုရင်ဆိုင်နေရသောလူတစ်ဦးချင်းစီအား**ပြည်နှင်ဒဏ်ပေးခြင်းမှအကာအကွယ်ပေးထားပြီး**ယာယီတရားဝင်နေထိုင်သူအဖြစ်သတ်မှတ်ပေးသည်။[25] သို့သော်လည်းအဆိုပါယန္တရားတွင် လိုအပ်ချက်များစွာရှိသည်။ အထူးသဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကိုထည့်သွင်းစဉ်းစားခြင်းမရှိပါ။ ထို့အပြင် ခိုလှုံခွင့်တောင်းခံသူများကိုလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရဖမ်းဆီးထိန်းသိမ်းခြင်းမှအကာအကွယ်မပေးပါ။ခိုလှုံခွင့်တောင်းခံသူများကိုငြင်းပယ်ခြင်းနှင့်ပြည်နှင်ဒဏ်ခံရမည့်အနေအထားကိုတွန်းပို့နိုင်သောမရေရာသည့် ဘာသာစကားအသုံးအနှုန်းပါ ပါရှိသည်။ ဥပမာအနေဖြင့် အမျိုးသားလုံခြုံရေး' ဆိုင်ရာ ကိစ္စရပ်အဖြစ် ယူဆသော ရိုဟင်ဂျာနဲ့ Uyghurs အုပ်စုများ ကို ထိန်ချန်ထားသည်။[26]

မည်သို့ပင်ဆိုစေကာမူ ထိုင်းနိုင်ငံသည် တရားခံလွှဲပြောင်းရေးကိစ္စများတွင် အခြားသော ဒေသတွင်းအစိုးရများ၊ တရားမဝင် အာဏာသိမ်းစစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေသည်။ ထိုင်းနိုင်ငံ၏ အမျိုးသားလုံခြုံရေးစီမံချက် (၂၀၁၉) တွင် လုံခြုံရေးပြဿနာများနှင့်ပတ်သတ်၍ “ရွှေ့ပြောင်းနေထိုင်သူများ၏ မူရင်းနိုင်ငံ”နှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးပြောကြားခဲ့သည်။ ယင်းအချက်သည် နှိပ်စက်ညှဉ်းပန်းမှုမှ ထွက်ပြေးလာသူများသည် ထိုင်းနိုင်ငံတွင်အကာအကွယ်ယူခွင့် ရှိခြင်းအပေါ် **အိမ်နီးချင်းနိုင်ငံများအနေဖြင့် ပတ်သတ်ဆုံးဖြတ်နိုင်သော အခန်းကဏ္ဍတစ်ခု**ပေးအပ်နေသည်။[27] ၂၀၂၄ ခုနှစ် ဇွန်လတွင် တရားမဝင် အာဏာသိမ်း စစ်အစိုးရ ပြည်ထဲရေးဝန်ကြီးနှင့် ထိုင်းရဲချုပ်တို့သည် ကြီးမားသော ရာဇဝတ်မှုများတွင် သံသယရှိသူများကို **လွှဲပြောင်းခြင်း** နားလည်မှုစာချွန်လွှာ ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ နားလည်မှုစာချွန်လွှာကိုထိုင်းနိုင်ငံရှိ**တရားမဝင်စစ်အစိုးရဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများ**ကိုလွှဲပြောင်းပေးရန်တောင်းဆိုချက်များတွင် စစ်အစိုးရက အသုံးပြုမည်ကို စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။[28]

ထိုင်းဥပဒေဘောင်အောက်တွင်အကာအကွယ်များမှာ ကန့်သတ်ချက်များရှိနေသည့်အတွက် ထိုင်းနိုင်ငံရှိ မြန်မာအသိုင်းအဝိုင်းသည် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) နှင့် ဆက်နွှယ်သည့် ဖြစ်ရပ်များစွာကို ကြုံတွေ့နေရသည်မှာ အံ့သြစရာမဟုတ်ပါ။ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် Peace Rights ဖောင်ဒေးရှင်း၏ အစီရင်ခံစာအရ ထိုင်းနိုင်ငံတွင် စစ်တမ်းကောက်ယူခဲ့သည့် **မြန်မာအသိုင်းအဝိုင်းမှ ၁၉ ဦးတွင် ၁၄ ဦးမှာ**

---

[24] Amnesty International (22 Feb 2023) Thailand: Law to address torture and enforced disappearance is a critical step toward justice but full enforcement is critical

[25] VOA (20 Sep 2023) Rights Groups, Refugees Wary of Thailand's New Asylum Program
[26] Bangkok Post (8 Sep 2023) Refugee screening ‘ripe for abuse’; REFUGEE RIGHTS NETWORK IN THAILAND (Jun 2021) Joint Submission Universal Periodic Review of Thailand
[27] Freedom House (2022) Thailand: Transnational Repression Host Country Case Study; The National Security Policy and Plan (2019 – 2022)
[28] RFA (02 Jul 2024) Thailand, Myanmar sign agreement on extradition of criminal suspects

နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိုကြုံတွေ့ခဲ့ရကြောင်း ဖြေဆိုထားသည်။ နယ်စပ်တလျှောက်တွင်နေထိုင်သော လူအများအပြားက တရားမဝင်စစ်အစိုးရသည် စစ်အစိုးရ ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူစာရင်းများကို ထိုင်းအာဏာပိုင်များနှင့် မျှဝေခဲ့သည်ဟုလည်း ကောက်ချက်ချကြသည်။ တစ်ချို့သောကိစ္စရပ်များတွင် ထိုင်းအာဏာပိုင်တွေသည် တရားမဝင် စစ်အစိုးရမှ **အမည်မဲစာရင်းသွင်းထားသော အချို့ပုဂ္ဂိုလ်များကို မေးမြန်းခြင်း(သို့မဟုတ်)ဖမ်းဆီးခြင်း** ပြုလုပ်ခဲ့သည်။[29] အလားတူ Border Voices Team မှ တွေ့ဆုံမေးမြန်းခဲ့သောအစီရင်ခံစာအရ မဲဆောက်ရှိ မြန်မာစစ်အစိုးရဆန့်ကျင်ရေး ပုဂ္ဂိုလ်အများအပြားမှာ **စစ်အစိုးရလိုလားသောသတင်းပေးသူများနှင့်ထိုင်းရဲများ၏**စောင့်ကြည့်နှောင့်ယှက်မှုများကိုကြုံတွေ့ခဲ့ရကြောင်း တွေ့ရှိရသည်။[30]

၂၀၂၃ ခုနှစ် ဧပြီလတွင် တာ့ခ်ခရိုင်ရှိ ထိုင်းအာဏာပိုင်များသည် ဆေးဝါးကုသမှုခံယူရန် နယ်စပ်ဖြတ်ကျော်လာသော တရားမဝင်စစ်အစိုးရဆန့်ကျင်ရေး ခြသေ့်တပ်ရင်းမှ အဖွဲ့ဝင် သုံးဦးကို ဖမ်းဆီးခဲ့သည်။ အချိန်တိုအတွင်း ထိုင်းအာဏာပိုင်များကတော်လှန်ရေးတပ်သား သုံးဦးကို **မြန်မာစစ်တပ်၏မဟာမိတ်** နယ်ခြားစောင့်တပ် ဘီဂျီအက်ဖ် (BGF) ကို**လွှဲပေး**ခဲ့သည်။ Myanmar Now သတင်းဌာနအရ BGF တပ်ဖွဲ့ဝင်များသည် တော်လှန်ရေးတပ်သားများထွက်ပြေးရန် ကြိုးပမ်းစဉ် ပစ်ခတ်ခဲ့ကြောင်း သိရသည်။[31] ၂၀၂၄ ခုနှစ် ဇွန်လတွင် မဲဆောက်၌စစ်ပြေးဒုက္ခသည်များ ကူညီထောက်ပံ့ရန် ရုံးခန်းအဖြစ် အသုံးပြုသည့် မြန်မာနိုင်ငံသားများ၏ နေထိုင်ရာနေရာကို **ထိုင်းအာဏာပိုင်များက ဝင်ရောက်စီးနင်း**ခဲ့သည်။ ထိုင်းရဲများက အမျိုးသားညီညွတ်ရေး အစိုးရ NUG ခေါင်းဆောင်များ၏ **ဓာတ်ပုံများနှင့် မြန်မာအလံကို ဖယ်ရှားကာ** ရုံးဝန်ထမ်းတစ်ဦးကို ကန်ကျောက်ခဲ့သည်။ အဆိုပါရုံးကို PDF အထောက်အကူပြုရုံးအဖြစ် အသုံးပြုခဲ့သည်ဟု ထိုင်းအာဏာပိုင်များက စွပ်စွဲထားသည်။ ရုံးဝန်ထမ်းက ရုံးတွင် တရားဝင်စာရွက်စာတမ်းများရှိနေခဲ့ပြီး ထိုင်းအာဏာပိုင်များက **မြန်မာစစ်တပ်၏ တောင်းဆိုမှုအရ** အရေးယူဆောင်ရွက်ခဲ့သည်ဟု ပြောခဲ့သည်။[32]

လက်ရှိဖြစ်ပေါ်လျက်ရှိသော နိုင်ငံဖြတ်ကျော်ဖိနှိပ်မှု (TNR) ကျူးလွန်မှုများသည် ပိုမိုကြီးမားသော နိုင့်ထက်စီးနင်းပြုမှုနှင့် အထူးသဖြင့် နယ်စပ် ဒေသတွင်နေထိုင်သော မြန်မာလူ မျိုးများ၏ထိခိုက်လွယ်မှုကို မြင့်မားစေသော **ဖိနှိပ်သည့် ပတ်ဝန်းကျင်**ကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်စဉ်ကတည်းက မဲဆောက်ရှိ မြန်မာအသိုင်းအဝိုင်းကို လာဘ်ထိုးရန် တောင်းဆိုမှုများမှာ လေးဆပိုများလာခဲ့သည်။[33] ၂၀၂၄ ခုနှစ် ဇွန်လတွင်Border Voices၏အစီရင်ခံစာအရ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) သည်မြန်မာ့လူမှုအသိုင်းအဝိုင်း၏ စိတ်ကျန်းမာရေးကိုသိသိသာသာ သက်ရောက်မှုများ ရှိလာသည်ဟု ဖော်ပြထားသည်။ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR)နှင့်ဆက်စပ်ဖြစ်ရပ်များ၏**နောက်ထပ်သားကောင်**ဖြစ်မည်ကိုစိုးရိမ်သည့်အတွက်ရပ်ရွာလူထုအများအပြားသည် စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး အရင်းအမြစ်များကို လက်လှမ်းမှု မရှိတော့ဘဲ မဖြစ်မနေ ပုန်းလျှိုးကွယ်လျှိုးနေထိုင်နေရသည်။[34]

**မလေးရှား- ဒုက္ခသည်များအပေါ် အထင်အမြင်သေးဆက်ဆံမှုများသည်စစ်အစိုးရ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိုခွင့်ပြုလျက်ရှိသည်**

---

[29] Peace Rights Foundation (29 Aug 2024) Situational Analysis: TNR along Thailand borders
[30] Border Voices Team (Jun 2024) We Don't Feel Safe: Participatory Research on transnational repression

[31] Myanmar Now (7 Apr 2023) Three Myanmar resistance fighters detained in Thailand and delivered to junta ally
[32] Chindwin News Agency via X (13 Jun 2024) https://tinyurl.com/2s3arfwx; DVB (13 Jun 2024) Thai authorities inspect
[33] ALTSEAN-Burma (Dec 2023) Consultations with CBOs
[34] Border Voices Team (Jun 2024) We Don't Feel Safe: Participatory

၎င်းတွင် တရားမဝင်မြန်မာစစ်အစိုးရဆန့်ကျင်ရေး နိုင်ငံခြားရေးမူဝါဒ ရပ်တည်ချက်ခိုင်မာစွာရှိသော်လည်း **မလေးရှားသည် မြန်မာစစ်တပ်၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကျူးလွန်ရာနေရာတစ်ခုဖြစ်သည်။** မလေးရှားနိုင်ငံသည် ဒေသတွင်း အထင်ရှားဆုံး နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) နှင့် ဆက်နွှယ်သည့် အဓမ္မ ပျောက်ဆုံးမှုများအနက် ရင်းမြစ်နေရာတစ်ခုဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူ **မသူဇာမောင်နှင့် သူမ၏ မိသားစု**သည် ကွာလာလမ်ပူရှိနေအိမ်မှ ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင် ခံခဲ့ရသည်။ရဲကားဟန်ဆောင်ထားသောအိမ်ကားနှစ်စီးကိုမလေးရှားရဲတပ်ဖွဲ့ကဖော်ထုတ်ခဲ့သည်။မသူဇာမောင် သည် မြန်မာမွတ်စလင်ဒုက္ခသည်အသိုက်အဝန်း၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ရွှေ့ပြောင်း အလုပ်သမားများ ကော်မတီ နှင့် **အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့နှင့် အနီးကပ် လုပ်ကိုင်**ခဲ့ဖူးသည်။ သူမနှင့်သူမ၏မိသားစုငါးယောက်သည် ၂၀၁၅ ခုနှစ်တွင် မလေးရှားနိုင်ငံသို့ ထွက်ပြေးခဲ့ပြီး UNHCR တွင် ဒုက္ခသည်အဖြစ်မှတ်ပုံတင်ခဲ့သည်။[35]မလေးရှားပြည်ထဲရေးဝန်ကြီးဌာနသည်စုံစမ်းစစ်ဆေးရေးနှင့်ပတ်သတ် သောသတင်းအချက်အလက်များကိုဒုက္ခသည်အဖွဲ့များကိုပေးမည်ဟုကတိပြုထားသော်လည်းတာဝန်ရှိသူများ မှာ ၂၀၂၃ ခုနှစ် ဩဂုတ်လကတည်းက အမှုတွဲအချက်အလက်အသစ်ကို မပေးနိုင်သည်ကို တွေ့ရသည်။[36]

မလေးရှားနိုင်ငံသည် ၎င်းတို့၏မြေပေါ်တွင် အာဏာသိမ်းစစ်အစိုးရဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူများကို မြန်မာစစ်တပ်ကဖိနှိပ်ညှဉ်းပန်းမှုတွင်**နက်ရှိုင်းစွာပါဝင်ပတ်သတ်**နေသည်။ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က မလေးရှားသည် ကမ္ဘာပေါ်ရှိ လူဝင်မှုကြီးကြပ်ရေးစနစ်များအနက် **“ပြစ်ဒဏ်ခတ်ခြင်း၊ နိုင်ထက်စီးနင်းပြုခြင်း၊အန္တရာယ်ရှိခြင်း”**အများဆုံးထဲကတစ်ခုဖြစ်သည်ဟုဆိုသည်။[37]မလေးရှားအစိုးရသည် **ခိုင်မာသောတရားဥပဒေဆိုင်ရာအကာအကွယ်ပေးမှုအနည်းငယ်သာ**ပံ့ပိုးပေးသည့်အပြင် အစုလိုက်အပြုံလိုက် ပြည်နှင်ဒဏ်ပေးခြင်းများကိုအကြိမ်ကြိမ်တရားမဝင်မြန်မာစစ်အစိုးရ၏သံရုံးနှင့်**နီးကပ်စွာလုပ်ဆောင်လျက်ရှိ သည်။**မြန်မာမှဒုက္ခသည်နှင့်ခိုလှုံခွင့်တောင်းခံသူပေါင်း ၁၆၀,၀၀၀ ကျော်မှာ မလေးရှား UNHCR တွင်မှတ်ပုံတင်ထားပြီး အမှန်တကယ် လက်တွေ့တွင် မြန်မာနိုင်ငံသား ဒုက္ခသည်အရေအတွက်မှာ ပိုများပြားနိုင်သည်။ မလေးရှားရှိ ဒုက္ခသည်အများစုသည် ရခိုင်ပြည်နယ်တွင် လူမျိုးတုံးသတ်ဖြတ်မှုများနှင့် Cox's Bazarတွင် အကြမ်းဖက်မှုများကြောင့် ထွက်ပြေးလာသော ရိုဟင်ဂျာများဖြစ်သည်။[38] ခန့်မှန်းခြေအားဖြင့် မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားအရေအတွက်မှာ ၈၀၀,၀၀၀ ကျော်ခန့်ရှိသည်။[39]

မလေးရှားနိုင်ငံ၏၁၉၅၉/၆၃လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေနှင့် ၁၉၆၆နိုင်ငံကူးလက်မှတ်များအက်ဥပဒေ သည် ခိုလှုံခွင့်တောင်းသူများနှင့် ဒုက္ခသည်များကို အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများအုပ်စုမှ ခွဲခြားထားခြင်းမရှိပါ။ ဤစနစ်ကြောင့် ဒုက္ခသည်များသည် နိုင်ငံတွင်းသို့ **ပုံမှန်မဟုတ်သောဝင်ရောက်မှုကြောင့် ရာဇဝတ်မှုအဖြစ်သတ်မှတ်**ခံရပြီး**မတရားချုပ်နှောင်ခံရခြင်းနှင့်အခြေခံအခွင့်အရေးများကို**ငြင်းပယ်ခံနေရသ ည်။ရေရှည်ထောင်သွင်းအကျဉ်းချခံနိုင်ရသောအလားအလာနှင့်အတူမလုံလောက်သောဥပဒေရေးရာအကူအ ညီနှင့် ကြမ်းတမ်းသော ချုပ်နှောင်မှုအခြေအနေများမှာ ၎င်းတို့၏ ထိခိုက်လွယ်မှုကို ပိုမိုဆိုးရွားစေသည်။[40] ၂၀၂၂ ခုနှစ်တွင် မလေးရှားအစိုးရသည် UNHCR နှင့်မှတ်ပုံတင်ထားသော ဒုက္ခသည်အားလုံးအတွက် မဖြစ်မနေ စာရင်းသွင်းရမည့် Tracking Refugees Information System (TRIS) ကို အကောင်အထည်ဖော်ရန်

---

[35] Benar News (17 Jul 2023) Rights group: Myanmar democracy activist, family abducted in Malaysia
[36] RFA (4 Aug 2024) Malaysian investigators seek public’s help finding missing Myanmar activist, family 37 Human Rights Watch (24 March 2024) “We Can’t See the Sun” Malaysia’s Arbitrary Detention of Migrants and Refugees
[37] Human Rights Watch (24 March 2024) “We Can’t See the Sun” Malaysia’s Arbitrary Detention of Migrants and Refugees
[38] UNHCR (31 May 2024) Operational Data Portal, Myanmar Situation
[39] Frontier Myanmar (14 Mar 2024) Unwanted in Malaysia, Myanmar migrants live in fear
[40] Human Rights Watch (24 Mar 2024) “We Can’t See the Sun” Malaysia’s Arbitrary Detention of Migrants and Refugees

ကြေညာခဲ့သည်။  မလေးရှားသည် UNHCR လက်မှတ်ကိုင်ဆောင်ထားသော ဒုက္ခသည်များကို ဖမ်းဆီးခြင်း (သို့မဟုတ်) ရဲဝန်ထမ်းများ၏နှောင့်ယှက်ခြင်းများမှ အကာအကွယ်မပေးထားသည့် အပြင်  TRISမှတစ်ဆင့် မလေးရှားအစိုးရသည် ဒုက္ခသည်များ၏ **အရေးကြီးသော ကိုယ်ရေးကိုယ်တာအချက်အလက်များကို** လက်လှမ်းမီနေသည်ဟု ရွှေ့ပြောင်းဒုက္ခသည်အသိုင်းအဝိုင်းများကဆိုသည်။[41]

TRIS ကဲ့သို့သော မဖြစ်မနေ ကိုယ်ရေးအချက်အလက် စုဆောင်းခြင်း အစီအစဉ်များသည် ဒုက္ခသည်များ၏ စိုးရိမ်ပူပန်မှုကိုတိုးစေသော ဖြစ်ရသည့်အကြောင်းတစ်စိတ်တစ်ပိုင်းမှာ မလေးရှား လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များသည် **တရားမဝင် မြန်မာစစ်အစိုးရ သံရုံးနှင့်** နီးကပ်သော ဆက်ဆံရေးကို ထိန်းသိမ်းထားသောကြောင့်ဖြစ်သည်။   မလေးရှားရှိမြန်မာသံရုံးသည်မလေးရှားပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနများနှင့်ဆွေးနွေးသည့် "နေရပ်ပြန်ရေး" ဆိုင်ရာ တွေ့ဆုံပွဲများအကြောင်း ဖေ့စဘွတ်ခ်တွင်မကြာခဏတင်လေ့ရှိသည်။[42] လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များက တရားမဝင်စစ်အစိုးရ၏မြန်မာသံရုံးသည် **စစ်အစိုးရဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများ၏အမည်များကို**မလေးရှားရဲများထံ**အစီရင်ခံထားကြောင်း**နှင့် များစွာသောဖြစ်စဉ်များတွင် ၎င်းတို့သည် ပုန်းရှောင်ရခြင်း၊ မလေးရှားရဲတပ်ဖွဲ့၏ စစ်ဆေးမေးမြန်းခံရခြင်း နှင့် ဖမ်းဆီးခြင်းတို့ကို ဖြစ်ပေါ်စေခဲ့ကြောင်းပြောကြသည်။[43]

အကျိုးဆက်အနေဖြင့် မလေးရှားအာဏာပိုင်များသည် လူများကို **နေရပ်သို့ ပုံမှန်ပြန်ပို့နေသည်ကိုတွေ့ရသည်။** တစ်ဖန် မကြာခဏဆိုသလို စစ်အစိုးရသည် **ပြန်ပို့ခံရသူများ မြန်မာနိုင်ငံသို့ရောက်သည့်နှင့်  ဖမ်းဆီး**သည်။ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီတွင် မလေးရှားအာဏာပိုင်များသည် မလေးရှားတရားရုံးချုပ်က ပြည်နှင်ဒဏ်ကို ယာယီရုတ်သိမ်းထားသည့်ကြားက မြန်မာနိုင်ငံသား ၁,၂၀၀ ကို တရားမဝင်အာဏာသိမ်းစစ်တပ်၏ ရေတပ်သို့လွှဲပြောင်းပေးခဲ့သည်။[44] ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် မလေးရှားနိုင်ငံသည် မြန်မာရေတပ်မှ အရာရှိဟောင်းခြောက်ဦး**(၎င်းတို့အနက် လေးဦးမှာ ကုလသမဂ္ဂ အသိအမှတ်ပြု ဒုက္ခသည်ဖြစ်သည်)** အပါအဝင် ခိုလှုံခွင့်တောင်းခံသူ အယောက် ၁၅၀ ကို ပြည်နှင်ဒဏ်ပေးခဲ့သည်။ ရန်ကုန်သို့ရောက်ရှိချိန်တွင် **အရာရှိတစ်ဦးနှင့်၎င်း၏ဇနီးကိုအာဏာသိမ်းစစ်အစိုးရကဖမ်းဆီးခဲ့သည်။**[45]လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) မှ 2022 ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း ပြည်နှင်ဒဏ်ခံရမှုများသည် စက်တင်ဘာလတွင် မလေးရှား လူဝင်မှုကြီးကြပ်ရေး အရာရှိများနှင့် မြန်မာစစ်တပ်သံရုံးတို့ အကြား ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်ဖြစ်သည်ဟုမှတ်ချက်ပြုသည်။[46]

**မြန်မာသံရုံး**သည် မလေးရှားရှိ **ထိန်းသိမ်းရေးစင်တာ များသို့ ဝင်ရောက်ခွင့်ရရှိထားသည့်** အဖွဲ့အစည်း အနည်းငယ်အနက်မှ တစ်ခုဖြစ်နေခြင်းမှာ မရေရာသောအခြေအနေနှင့်အကျဉ်းသားများကို နှောင့်ယှက်မှုနှင့် စောင့်ကြည့်မှု အန္တရာယ်ကို သိသာစွာပိုဖြစ်စေသည်။[47] မလေးရှားသည် ၂၀၁၉ ခုနှစ်ကတည်းက အကျဉ်းသားများကို  UNHCR မှ လာကြည့်ခွင့်ကို ဟန့်တားထားသည်။[48] ၂၀၂၁-၂၀၂၂ နှစ်လယ်ပိုင်းအတွင်း မလေးရှားအာဏာပိုင်များသည် မြန်မာနိုင်ငံမှ လူပေါင်း ၃,၀၀၀ ကျော်ကို ပြည်နှင်ဒဏ်ပေးခဲ့သည်။[49]

---

[41] Al Jazeera (11 Aug 2022) Refugees in Malaysia worry government tracking system a 'trap'
[42] Ministry of Foreign Affairs Myanmar (5 Aug 2024) https://shorturl.at/GL1RB;Myanmar Embassy in Kuala Lumpur, Malaysia (11 Mar 2024) https://shorturl.at/xhZni
43ALTSEAN-Burma (Mar 2023) Consultations
[43] ALTSEAN-Burma (Mar 2023) Consultations with CBOs
[44] Amnesty International (18 Feb 2021) Malaysia: Deportation to Myanmar puts lives in danger
[45] Benar News (27 Oct 2022) Stop interfering in Malaysia's internal affairs, govt official tells UN about Myanmar deportations
[46] Human Rights Watch (24 Oct 2022) Malaysia: Surge in Summary Deportations to Myanmar
[47] Myanmar Embassy in Kuala Lumpur, Malaysia (6 Dec 2023) https://shorturl.at/19Sfg
[48] Benar News (06 Jun 2024) UN rights chief: Malaysia should reinstate UNHCR access to immigration detention centers
[49] Human Rights Watch (24 Oct 2022) Malaysia: Surge in Summary Deportations to Myanmar

၂၀၂၃ခုနှစ်နှောင်းပိုင်းမှစတင်၍ မြန်မာနိုင်ငံမှရွှေ့ပြောင်းသူများအား ဖမ်းဆီးခြင်းနှင့် နေရပ်ပြန်ခြင်းကို အရှိန်မြှင့်ခဲ့သည်။၂၀၂၃ခုနှစ်ဒီဇင်ဘာလတစ်လတည်းတွင် မလေးရှားရဲများသည် **နေ့စဉ်ဝင်ရောက်စီးနင်းမှုများ** ပြုလုပ်ခဲ့ပြီး မြန်မာရွှေ့ပြောင်းလုပ်သား ၁,၀၀၀ ကျော်ကိုဖမ်းဆီးခဲ့သည်။အများစုမှာ ကွာလာလမ်ပူတွင် ဖြစ်သည်။[50]

မလေးရှားအစိုးရသည် အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူတွေကို ပြစ်ဒဏ်ချမှတ်ခြင်းမရှိဘဲ ဒဏ်ငွေနဲ့ အိမ်အပြန်လက်မှတ်သာတောင်းသော နေရပ်ပြန်ပို့ရေး အစီအစဉ်သစ်ကို ၂၀၂၄ ခုနှစ် မတ်လတွင် စတင်ခဲ့သည်။ ထို အစီအစဉ်ကိုဒုက္ခသည်အဖွဲ့များသည်သံသယဖြင့် ရှုမြင်ကြပြီး မလေးရှားရှိ မြန်မာဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းသူများနှင့် ရွှေ့ပြောင်းအလုပ်သမားများ **ရင်ဆိုင်ရသော နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ဆိုင်ရာ အန္တရာယ်များ**ကိုသာ တိုးမြှင့်နိုင်ဖွယ်ရှိသည်။[51]

## ဘင်္ဂလားဒေ့ရှ်၊ အစိုးရ၏ လျစ်လျူရှုခြင်းသည် နယ်စပ်ဖြတ်ကျော် အတင်းအကြပ် စစ်မှုထမ်းခိုင်းခြင်းကို ခွင့်ပြုလျက်ရှိသည်

ဘင်္ဂလားဒေ့ရှ်၏ ဒုက္ခသည်နှင့်ပတ်သတ်သောမူဝါဒမရှိခြင်း၊ တရားမဝင် စစ်အစိုးရနှင့် ၎င်း၏ ဆက်နွယ်သောအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေခြင်းနှင့် ညံ့ဖျင်းသောဒုက္ခသည်စခန်း စီမံခန့်ခွဲမှုများသည် စစ်အစိုးရနှင့် ၎င်း၏မဟာမိတ်များအတွက် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကို ကျူးလွန်စေပြီး **Cox's Bazar ရှိရိုဟင်ဂျာများကိုပါ ဖိနှိပ်မှုကိုဖြစ်ပေါ်စေရန်** တံခါးဖွင့်ထားလျက်ရှိသည်။ Cox's Bazar နှင့် Bhasan Char ရှိ ရိုဟင်ဂျာ ဒုက္ခသည် ၁,၀၀၀,၀၀၀ ကျော်အနက် အများစုမှာ မြန်မာစစ်တပ် ဦးဆောင်သည့်၂၀၁၇ ခုနှစ် ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှုနောက်ပိုင်း ရောက်ရှိလာသူများဖြစ်သည်။[52] မြန်မာနိုင်ငံတွင် အာဏာသိမ်းစစ်အစိုးရသည် ရိုဟင်ဂျာ တည်ရှိမှုကို **ဆက်လက် ငြင်းပယ်**လျက်ရှိပြီး ၄င်းတို့ကို မောင်းထုတ်ခဲ့သည်။ မြန်မာစစ်တပ်သည် ၂၀၁၇ ခုနှစ်ကတည်းကရခိုင်ပြည်နယ်တွင် ကျန်ရှိနေသည့် ရိုဟင်ဂျာများအတွက် "ပြင်းထန်သောလူမျိုးတုံးသတ်ဖြတ်မှု" ကို မောင်းနှင်ခဲ့သည်။[53]

ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ရိုဟင်ဂျာ ဒုက္ခသည် အများစုသည် **တရားဝင် ဒုက္ခသည်ဟုသတ်မှတ်မခံရပါ။** ဘင်္ဂလားဒေ့ရှ်တွင် ဒုက္ခသည်အခွင့်အရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အမျိုးသားဥပဒေမူဘောင် မရှိပါ။[54]ဘင်္ဂလားဒေ့ရှ်ဖွဲ့စည်းပုံအခြေခံဥပဒေသည်အခြေခံအခွင့်အရေးများနှင့် အကာအကွယ်အချို့ အပါအဝင်ဥပဒေ၏ အကာအကွယ်ပေးပိုင်ခွင့်၊ အသက်နှင့် ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှ င့်ပတ်သတ်သော အကာအကွယ်များ၊ အဓမ္မလုပ်အားပေးခိုင်းစေမှု တားမြစ်ရေး၊ တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းအတွက် အကာအကွယ်များနှင့် လွတ်လပ်စွာ တွေးခေါ်ကြံဆခွင့်များကို ပေးထားသည်။[55]သို့ရာတွင် ၁၉၄၆ နိုင်ငံခြားသားအက်ဥပဒေက ဒုက္ခသည်နှင့် "တရားမဝင်နိုင်ငံခြားသားများ" ကိုတန်းတူထားကာ အခြေခံဥပဒေပါအခွင့်အရေးများကို လွှမ်းမိုးထားသည်။ ရလဒ်အနေဖြင့် ထိုဥပဒေကိုအသုံးပြုကာ ရိုဟင်ဂျာများကို ဒုက္ခသည်စခန်းပြင်ပများတွင် အလုပ်၊ ပညာရေးနှင့် လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်၍ ဒုက္ခသည်များ အတွက် ဖမ်းဆီးချုပ်နှောင်ခြင်း အန္တရာယ်ကို တိုးစေသည်။[56]

[50] The Irrawaddy (10 Jan 2024) Over 1,000 Myanmar Migrants Detained in Malaysia Crackdown
[51] CNI Myanmar (14 March 2024) More and more Myanmar people in Malaysia return from illegal routes
[52] UNHCR (2024) Bangladesh
[53] BROUK (25 Jun 2024) The Intensifying Rohingya Genocide
[54] UNHCR Submission for the Universal Periodic Review 30th Session Bangladesh (2018)
[55] The Constitution of the People's Republic of Bangladesh (1972)
[56] Laws of Bangladesh, The Foreigners Act (1946)

UNHCR၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာများသည် ရိုဟင်ဂျာများအတွက် ဒုက္ခသည်များဆိုင်ရာ အုပ်ချုပ်မှုမူဘောင်ကို လျှို့ဝှက်ထားဆဲဖြစ်ပြီးအများသူငှာ လက်လှမ်းမမီပါ။[57]

ဘင်္ဂလားဒေ့ရှ်အစိုးရသည် **လူမျိုးတုံးသတ်ဖြတ်နေသော စစ်အစိုးရနှင့် ပူးပေါင်း၍ နေရပ်ပြန်ပို့ရေးအစီအစဉ်များ**ကို နီးကပ်စွာလုပ်ဆောင်မှုသည် ရိုဟင်ဂျာများအတွက် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) အန္တရာယ်ကို တိုးမြင့်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် UNHCR နှင့် ဘင်္ဂလားဒေ့ရှ် အစိုးရတို့က ရိုဟင်ဂျာဒုက္ခသည်များအတွက် ဇီဝမက်ထရစ် 'စမတ်ကတ်' စတင်ထုတ်ပေးခဲ့သည်။ ၂၀၂၁ ခုနှစ် ဇွန်လတွင် ‘စမတ်ကတ်များ' မှ စုဆောင်းထားသော **အချက်အလက်များ**ကို ဘင်္ဂလားဒေ့ရှ်က နေရပ်ပြန်ရေးကိစ္စအတွက် **စစ်အစိုးရနှင့်မျှဝေခဲ့ကြောင်း** တွေ့ရှိရသည်။[58] မေလနှင့်အောက်တိုဘာလ ခုနှစ်တွင် နှစ်နိုင်ငံကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များ အရ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များနှင့် မြန်မာစစ်ခေါင်းဆောင်များက ရိုဟင်ဂျာများကို အတင်းအကျပ် နေရပ်ပြန်ခိုင်းရန်အတွက် ရခိုင်ပြည်နယ်ရှိ "နေရပ်ပြန်ပို့ရေး စခန်းများ” နှင့် Cox’s Bazar ရှိ စခန်းများဆီ ကြည့်ရှုလေ့လာခဲ့သည်။ မေလ ခရီးစဉ်အပြီးတွင် ဘင်္ဂလားဒေ့ရှ်၏ Cox's Bazarမှ ဒုက္ခသည် ကယ်ဆယ်ရေးနှင့် နေရပ်ပြန်ရေးကော်မရှင်နာ Mohammed Mizanur Rahman က **'နေရပ်ပြန်ရေး” ကသာလျှင် တစ်ခုတည်းသော အဖြေ**ဖြစ်သည့်အကြောင်း သူ၏ထင်မြင်ချက်ကို ထုတ်ဖော်ခဲ့သည်။ ရက်အတော်အတန်ကြာပြီးနောက် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဌာန၏ မြန်မာရေးရာအရာရှိသည်
Rahman ၏ ရပ်တည်ချက်ကို ထပ်လောင်းပြောကြားခဲ့ပြီး ‘ရှုပ်ထွေးမှုများ’ ကို ဖြည်းဖြည်းချင်း ဖြေရှင်းသွားမည်ဟု အာဏာသိမ်းစစ်အစိုးရက အာမခံချက်ပေးထားကြောင်းပြောခဲ့သည်။[59]

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကွန်ရက် (BHRN)၏ဩဂုတ်လနှင့် စက်တင်ဘာလများတွင် တွေ့ဆုံမေးမြန်းခဲ့မှုများ အရ ရိုဟင်ဂျာဒုက္ခသည် ၁၅ ဦးအနက် ခုနစ်ဦးမှာ **မြန်မာစစ်တပ် သို့မဟုတ် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက မြန်မာအာဏာသိမ်းစစ်အစိုးရ၏ အတင်းအကျပ် နေရပ်ပြန်ရေး အစီအစဉ်တွင် ပါဝင်ရန် ဖိအားပေးခဲ့**ကြောင်းဖြေခဲ့သည်။ လူတစ်ဦးကမူ ဒုက္ခသည်စခန်းရှိအာဏာပိုင်များက နေရပ်ပြန်ပို့ရေးစာရင်းတွင် ထည့်သွင်းရန် ငြင်းဆိုထားသည့် စခန်းတွင်းနေထိုင်သူများကို စားနပ်ရိက္ခာနှင့် အခြားအကူအညီများကို ရပ်တန့်မည်ဟု ခြိမ်းခြောက်ကြောင်းပြောခဲ့သည်။ မြန်မာစစ်တပ်အစိုးရ အရာရှိများသည် ဘင်္ဂလားဒေ့ရှ်ရှိဆွေမျိုးသားချင်းများကို နေရပ်ပြန်ရေး အစီအစဉ်များတွင်ပါဝင်ဖို့ မြန်မာပြည်ရှိ မိသားစုများမှ စည်းရုံးသိမ်းသွင်းရန် ဖိအားပေးခဲ့သည်ဟု အချို့က ဆိုသည်။[60]

၂၀၁၇ ခုနှစ်မှစ၍ Cox's Bazar ရှိ စခန်းတွင်း အခြေအနေများ **ဆက်တိုက်ဆိုးရွားလာခဲ့သည်**။ ဒုက္ခသည်စခန်းလုံခြုံရေးကို စီမံခန့်ခွဲသည့်ဘင်္ဂလားဒေ့ရှ် လက်နက်ကိုင် ရဲတပ်ဖွဲ့ တပ်ရင်း (APBn) သည် စခန်းတွင် သာမန် နေထိုင်သူများအတွက် ကန့်သတ်ချက်များ တိုးမြှင့်ထားသော်လည်း

[57] Dr M Sanjeeb Hossain, European Policy Brief (February 2024) The Protracted Rohingya Refugee Situation in Bangladesh
[58] Human Rights Watch (15 Jun 2021) UN Shared Rohingya Data Without Informed Consent
[59] Frontier Myanmar (26 May 2023) Myanmar delegation visits Rohingya camps for repatriation scheme; Reuters (6 May 2023) Rohingya say will not go home to Myanmar to be stuck in camps
[60] The Business Standard (31 Oct 2023) Bangladesh-Myanmar End Coercive Repatriation of Rohingya Refugees

စခန်းများရှိ ရိုဟင်ဂျာ **လက်နက်ကိုင် အဖွဲ့များကို** အမြစ်ဖြုတ်ရန် ပျက်ကွက်ခဲ့သည်။ လေ့လာသူအချို့ကပင် ABPn ခေါင်းဆောင်ပိုင်းသည် ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ (RSO)၊ အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် (ARSA)၊ အာရကန်ရိုဟင်ဂျာ တပ်မတော် (ARA) ကဲ့သို့သော လက်နက်ကိုင်အုပ်စုများနှင့် အပေးအယူလုပ်ခဲ့သည် ဟုစွပ်စွဲကြသည်။[61] အချို့သော ဖြစ်ရပ်များတွင် လူထုတွေ့ဆုံပွဲများ၌အစိုးရအရာရှိများနံဘေးတွင်လက်နက်ကိုင်အဖွဲ့၏ ခေါင်းဆောင်ကို တွေ့ရသည်။[62]

ရိုဟင်ဂျာလူငယ်ကွန်ဂရက်က သွားလာလှုပ်ရှားမှုများအပေါ် ကန့်သတ်ချက်များ တိုးမြှင့်ခြင်းဖြင့် ရာဇဝတ်မှုများကို တားဆီးရန်ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုဖြစ်ကြောင်း စက်တင်ဘာလ ၂၀၂၃ ခုနှစ် သုတေသနအစီရင်ခံစာတွင် ဖော်ပြထားသည်။ သို့သော်လည်း ရိုဟင်ဂျာများအတွက် အခြေခံအကျဆုံး အခွင့်အရေးများကို ဆုံးရှုံးစေရုံသာမက **မှုခင်းဖြစ်ပွားမှုနှုန်းပိုများလာခဲ့ပြီး စခန်းတွင် နေထိုင်သူများအတွက် အန္တရာယ်ပိုများ**လာခဲ့သည်။ စစ်တမ်းဖြေဆိုသူများ ပြောကြားချက်အရ APBn အရာရှိများက ၎င်းတို့အား ရိုက်နှက်ခဲ့ပြီး ၎င်းတို့၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိရေးအတွက် **လွတ်လပ်စွာ သွားလာလှုပ်ရှားမှုအပေါ်** ကန့်သတ်ချက်များဖြင့် ၎င်းတို့အား တားမြစ်ထားသည်။ဖြေဆိုသူ ၇၀ ရာခိုင်နှုန်း နီးပါးက ၎င်းတို့၏ စခန်းကို “အနည်းငယ်သာ” ကျော်လွန်၍ အခြားစခန်းများသို့ ပြောင်းရွှေ့နိုင်ခဲ့ကြောင်း ဖြေဆိုခဲ့ပြီး ၄၀ ရာခိုင်နှုန်းက၎င်းတို့၏ စခန်းအပြင်ဖက် မြို့များသို့ မသွားနိုင်ဟု ဆိုသည်။[63] ၂၀၂၄ ခုနှစ်ဇန်နဝါရီ ၁ ရက်မှ ဇွန်လ ၁၉ ရက်နေ့အတွင်း Cox’s Bazar တွင် ရပ်ရွာခေါင်းဆောင်လေးဦး အပါအဝင် ရိုဟင်ဂျာ ၂၆ ဦး အသတ်ခံခဲ့ရသည်။ ၂၀၂၃ ခုနှစ်တွင် စခန်းများ၌ လူသတ်မှု ၆၄ မှု ဖြစ်ပွားခဲ့သည်။[64] ဤဖြစ်စဉ်များမှာ ဘင်္ဂလားဒေ့ရှ်အတွက် လူ ၁၀၀,၀၀၀ လျှင် လူသတ်မှု ၂ မှုနှင့် နှိုင်းယှဉ်ပါက ဒုက္ခသည်စခန်းများတွင် **လူ ၁၀၀,၀၀၀ လျှင် လူသတ်မှု ၆.၄ မှု**ဖြစ်သည်။[65]

တရားမဝင် အာဏာသိမ်းစစ်အစိုးရနှင့်၎င်း၏မဟာမိတ် လက်နက်ကိုင်တပ်ဖွဲ့များသည် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များ၏ လျစ်လျူရှုမှုကို အခွင့်ကောင်းယူကာ Cox’s Bazar တွင် ရိုဟင်ဂျာများကို **အတင်းအကြပ်ပြန်ပို့ခြင်းနှင့် စစ်မှုထမ်းခြင်းများ**လုပ်ကိုင်လျက်ရှိသည်။ Cox’s Bazar တွင် လုပ်ဆောင်နေသော လူမှုအကျိုးပြုညှိနှိုင်းမှုအဖွဲ့၏ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ် မတ်လမှ မေလအထိ **ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာ ၁,၇၀၀ ကျော်ကိုအတင်းအကြပ် စစ်မှုထမ်းစေခဲ့ကြောင်း** ထုတ်ပြန်ခဲ့သည်။ အမျိုးသားတစ်ဦးက မတ်လ ၂၀၂၄ တွင် Cox’s Bazar တွင်ရှိသော ကာဖေးတစ်ခုတွင် လက်နက်ကိုင်လူများမှ **မျက်နှာဖုံးအုပ်ပြန်ပေးဆွဲ**ကာ မောင်းတောရှိ **မြန်မာနယ်ခြားစောင့်ရဲကင်းစခန်းသို့ခေါ်ဆောင်**သွားခဲ့ကြောင်းပြောကြားခဲ့သည်။ အခြားဖြေဆိုသူတစ်ဦးက ၂၀၂၄ ခုနှစ် မေလအစောပိုင်းတွင်၎င်းနှင့် အခြား ၁၁ ဦးကို မောင်တောမြို့နယ် တစ်ခုရှိ ကင်းစခန်းသို့ ခေါ်ဆောင်ကာ လေ့ကျင့်ရေး ဆင်းခိုင်းပြီး အမှားလုပ်သည့်အခါ ပြင်းပြင်းထန်ထန် အရိုက်ခံရကြောင်းပြောသည်။ အခြားအင်တာဗျူးဖြေဆိုသူတစ်ဦးကလည်း လက်နက်ကိုင်အမျိုးသားများက

---

[61] Rohingya Refugee News (6 May 2024) RSO and ARA Coercion: Fear and Uncertainty Among Rohingya Youths in the Refugee Camps
[62] Rohingya Refugee News (20 May 2024) New Audio Clips Expose Forced Recruitment in Rohingya Camps
[63] Rohingya Refugee News (20 May 2024) New Audio Clips Expose Forced
[64] Dhaka Tribune (20 Jun 2024) Battle for dominance in camps claims 26 Rohingya lives in 6 months
[65] UN Office on Drugs and Crime's International Homicide Statistics database, using the latest statistics available (i.e. 2018 (https://data.worldbank.org/indicator/VC.IHR.PSRC.P5?end=2018&locations=BD&start=2000&view=chart

သူ့ကို Cox's Bazar မှ ပြန်ပေးဆွဲပြီး **မြန်မာပြည်သို့ ပြန်ပို့မည်**ဟု ခြိမ်းခြောက်ကာ အမေရိကန်ဒေါ်လာ ၈၅၀ ကို ငွေညှစ်ခဲ့သည်။[66]

Sheikh Hasina ကို အာဏာမှ ဖယ်ရှားလိုက်ခြင်းသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ခေတ်သစ်တစ်ခုကို ခေါ်ဆောင်လာခဲ့ပြီဖြစ်သည်။ ယာယီဝန်ကြီးချုပ် Muhammad Yunus သည် စခန်းများတွင် **လက်နက်ကိုင်အဖွဲ့များ၏ အခန်းကဏ္ဍကို ဖြတ်တောက်ပြီး အတင်းအကျပ် နေရပ်ပြန်ရေး ကြိုးပမ်းမှုများကို ရပ်တန့်ခြင်းဖြင့်** ရိုဟင်ဂျာ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကို လျှော့ချရန် ခြေလှမ်းများလုပ်ဆောင်မည်ဟုမျှော်လင့်ချက်တစ်ချို့ရှိသည်။[67] မည်သို့ပင်ဆိုစေကာမူငင်းတို့ပြုလုပ်မည့် အပြောင်းအလဲများမှာ မေးခွန်းထုတ်စရာများရှိနေဆဲဖြစ်သည်။

**အိန္ဒိယ- တရားမဝင်စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုသည် တက်ကြွလှုပ်ရှားသူများ၊ ဒုက္ခသည်များအပေါ် နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) အန္တရာယ်ကျရောက်စေသည်**

အိန္ဒိယသည် မြန်မာဒုက္ခသည်များကို ဖမ်းဆီးကာ အတင်းအကျပ်ပြန်ပို့ခြင်းဖြင့် စစ်အစိုးရ၏ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကို ရှင်းရှင်းလင်းလင်း ဖော်ဆောင်ပေးခဲ့သည်။အိန္ဒိယတွင် မြန်မာနိုင်ငံမှ UNHCR အသိအမှတ်ပြု ဒုက္ခသည် တစ်သိန်းနီးပါး နေထိုင်နေသော်လည်း ၎င်းတွင် အဓမ္မရွှေ့ပြောင်းခံရသူများအတွက် **သီးခြားဥပဒေဘောင်**မရှိပါ။[68] ကိုလိုနီခေတ် ၁၉၄၆ ခုနှစ် နိုင်ငံခြားသားများအက်ဥပဒေသည် အမျိုးအစားမခွဲခြားဘဲ နိုင်ငံခြားသားအားလုံး၏ အဝင်အထွက်များကို ထိန်းညှိရန် အစိုးရအား အခွင့်အာဏာပေးထားသည်။[69] မည်သို့ပင်ဆိုစေကာမူ အချို့သော အခြေခံအခွင့်အရေးများကို ဥပဒေတွင် ပြဌာန်းထားသည်။ အိန္ဒိယဖွဲ့စည်းပုံ အခြေခံဥပဒေသည် **ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုကို အာမခံထားပြီး**
နိုင်ငံသားမဟုတ်သူများ အပါအဝင် အိန္ဒိယနယ်မြေရှိ လူတိုင်းအတွက် **အသက်နှင့် လွတ်လပ်ခွင့်ကို အကာအကွယ်ပေးထားသည်။** ထို့အပြင် အိန္ဒိယအစိုးရသည်“ဒုက္ခသည်များဟု ဆိုနေကြသော နိုင်ငံခြားသားများ” ကို စီမံခန့်ခွဲရန် တာဝန်များ၊ ၎င်းတို့၏ တောင်းဆိုချက်များကို အကဲဖြတ်ခြင်း အပါအဝင်၊ ဒုက္ခသည်အခြေအနေများကို စစ်ဆေးရန်အတွက် စံပြုလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။[70] အိန္ဒိယနိုင်ငံသည် နယ်မြေခိုလှုံခွင့်ကုလသမဂ္ဂကြေငြာစာတမ်း[71]နှင့် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် နယူးယောက်ကြေညာစာတမ်း[72] များကို ထောက်ခံခြင်းဖြင့် ဒုက္ခသည်များကို အကာအကွယ်ပေးရန် ကတိကဝတ်ပြုထားသည်။

သို့သော်လည်း အိန္ဒိယသည် မြန်မာနိုင်ငံမှ **ဒုက္ခသည်များထံ မယုံနိုင်လောက်အောင် ပြင်းထန်သော ချဉ်းကပ်မှုတစ်ရပ်ကို** ကျင့်သုံးနေခြင်းမှာ **နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ၏အန္တရာယ်ကိုမြင့်မား**စေလျက်ရှိသည်။ BJP အစိုးရ၏ ၂၀၁၇ ခုနှစ်အမိန့်အရ အိန္ဒိယနိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်အားလုံးကို “တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ” ဟု မှတ်ယူထားပြီး၎င်းတို့ကို **“ချက်ခြင်း**

[66] Fortify Rights (26 Jul 2024) Myanmar/Bangladesh: End Abduction, Forced Conscription of Rohingya Civilians
[67] Nikkei Asia (27 Aug 2024) Stateless Rohingya put faith in Bangladesh leader Yunus
[68] UNHCR (2024) UNHCR India Operations
[69] The Foreigners Act (1946)
[70] VOA (17 Jul 2024) Activists say Rohingya refugees are hounded in India
[71] United Nations Declaration on Territorial Asylum (1967)
[72] The New York Declaration for Refugees and Migrants (2016); India has also signed, but not ratified, UNCAT, which prohibits refouling individuals to situations where they risk facing torture

**ပြည်နှင်ဒဏ်”** ပေးရန် တောင်းဆိုခဲ့သည်။[73] ထိုအချိန်မှစ၍ ၎င်းတို့သည် **ရိုဟင်ဂျာများကို စီးနင်းတိုက်ခိုက်ပြီး ရိုဟင်ဂျာအုပ်စုများကို အကြိမ်ကြိမ် ပြည်နှင်ဒဏ်ပေးခြင်း**တို့ဖြင့်အကြိမ်ကြိမ် ပစ်မှတ်ထားလာခဲ့သည်။[74] အိန္ဒိယသည် လက်ရှိတွင်အနည်းဆုံး ရိုဟင်ဂျာ ၇၆၆ ဦးကို ရက်အကန့်အသတ်မရှိ ထိန်းသိမ်းထားသည်။ [75]ဥပမာတစ်ခုတွင် အိန္ဒိယအာဏာပိုင်များသည် ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်သူ Mohammad Arfat ကို ၂၀၂၀ ခုနှစ်တွင် ရိုက်နှက်ဖမ်းဆီးပြီးနောက် မတရားထိန်းသိမ်းခဲ့သည်။ သူ၏ တစ်နှစ်တာ ပြစ်ဒဏ် ပြီးဆုံးပြီးနောက် အိန္ဒိယ အစိုးရသည် Arfat ကိုလွှတ်ပေးရန်အတွက် စစ်အစိုးရ ထိန်းချုပ်ထားသော မြန်မာသံရုံးမှ မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုခြင်းကိုစောင့်ဆိုင်းနေကာ အကန့်အသတ်မရှိ ဖမ်းဆီးထားသည်။[76]

အိန္ဒိယသည် စစ်အစိုးရခေါင်းဆောင်များနှင့်လည်း **ပုံမှန်တွေ့ဆုံ၍** ဒုက္ခသည်ဖြိုခွင်းမှုများတွင် ပူးပေါင်းဆောင်ရွက်များပြုလုပ်လျက်ရှိသည်။ ဥပမာအားဖြင့် ဇန်နဝါရီလ ၂၀၂၄ ခုနှစ် တွင် အိန္ဒိယသံအမတ်နှင့် မြန်မာစစ်အစိုးရအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးမိုးအောင်တို့အကြား လုံခြုံရေးနဲ့ နယ်စပ်ဒေသ တည်ငြိမ်ရေးတွေ့ဆုံမှုအပြီး မကြာမီပင် ၁,၆၄၃ ကီလိုမီတာ ရှည်လျားသော အိန္ဒိယ-မြန်မာနယ်စပ်ကို စည်းရိုးခတ်ပြီး လွတ်လပ်သောလှုပ်ရှားမှု (Free Movement Regime) ကို ရပ်တန့်မည်ဟု ဝန်ကြီးက ကြေညာခဲ့သည်။ FMR သည် လူများအား ၁၆ ကီလိုမီတာ နယ်စပ်ဇုန်တွင် နှစ်ပတ်ကြာ ခရီးသွားခွင့်ပြုထားသည်။[77]

ယင်းနှင့်အညီ အိန္ဒိယသည် မဏိပူရပြည်နယ်ရှိ မြန်မာဒုက္ခသည်များကို **အတင်းအကျပ် နေရပ်ပြန်ပို့ခဲ့သည်။** အိန္ဒိယအာဏာပိုင်များသည် ပြန်ပို့ခံရသူများနှင့်ပတ်သက်၍ ကိုယ်ရေးအကျဉ်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အသေးစိတ်အချက်အလက်များအား စစ်အစိုးရကိုပေးဆောင်ထားကြောင်း သိရသည်။ ၎င်းတို့သည် မီဇိုရမ်နှင့် မဏိပူရပြည်နယ်များရှိ “တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ” အတွက် ဇီဝမက်ထရစ် အချက်အလက်စုဆောင်းရေး လှုပ်ရှားမှုကိုလည်း လုပ်ဆောင်သည်။ ထိုသို့သော **အချက်အလက်များကို စစ်အစိုးရနှင့် မျှဝေခြင်းသည်** ဒုက္ခသည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ရင်ဆိုင်နေရသည့် အန္တရာယ်ကို ရှင်းရှင်းလင်းလင်း တိုးပွားစေသည်။[78]

၂၀၂၄ ခုနှစ် မတ်လအတွင်းတွင် အိန္ဒိယအာဏာပိုင်များသည် အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်စဉ်ပြီးနောက် မြန်မာနိုင်ငံမှ ထွက်ပြေးသွားသော ဒုက္ခသည်များကို ပြည်နှင်ဒဏ်ပေးရန် ကြိုးပမ်းခဲ့သည်။ အမျိုးသမီးနှင့် ကလေးအများစုပါဝင်သော ဒုက္ခသည် ၇၇ ဦးကို အိန္ဒိယနယ်စပ်မြို့ မိုရေးမှတစ်ဆင့် ပြည်နှင်ဒဏ်ပေးရန် စီစဉ်ခဲ့သည်။ မတ် ၁၀ ရက်တွင် အိန္ဒိယနိုင်ငံ မိုရေးမြို့ရှိ စစ်စခန်းများသို့ **အမျိုးသမီး ၃၈ ဦးကို** အိန္ဒိယအာဏာပိုင်များကစေလွှတ်ခဲ့ပြီး မြန်မာစစ်အစိုးရက ဒုက္ခသည်များကို ငြင်းပယ်ပြီးနောက် အခြားသူများကိုမဏိပူရ အင်ဖာအကျဉ်းထောင်သို့ ပြန်လည်စေလွှတ်ခဲ့သည်။[79] ၂၀၂၄ ခုနှစ် မေလ ၂

[73] India NHRC (18 Aug 2017) NHRC notice to the Union Home Ministry over reported move to deport illegal Rohingya immigrants to their native country (18.08.2017)
[74] UNCERD (02 Jul 2024) India must end racial discrimination against Rohingya, cease forced deportation and arbitrary detention, urges UN Committee
[75] Forced Migration Review (May 2024) Refugee experiences of identity documents and digitisation in India and Myanmar
[76] Fortify Rights (Jun 5, 2024) India: Free Mohammad Arfat, End Indefinite Detentions of Refugees
[77] Nikkei Asia (24 Jan 2024) Myanmar border clashes cast shadow over ties with India ; Indian Express (23 Jan 2024) What is the India-Myanmar border Free Movement Regime, which the Centre is planning to end?
[78] RFA (17 May 2024) Indian authorities in Manipur state force Myanmar refugees out of border villagers
82 The Irrawaddy (20 Mar 2023) Indian Border Security Force’s Incursions Into Myanmar Alarm Chin Residents
[79] Myanmar Now (13 Mar 2024) Deportation delayed for more than 70 Myanmar nationals detained in India

ရက်နေ့တွင် အိန္ဒိယနိုင်ငံသည်ဒုက္ခသည်များထဲမှ ၃၈ ဦးကိုပြည်နှင်ဒဏ်ပေးခဲ့သည်။[80] မေလနှောင်းပိုင်းတွင် အိန္ဒိယ-မြန်မာနယ်စပ်တလျှောက်တပ်စွဲထားသော အိန္ဒိယအရံတပ်မှ Assam Rifles မှ စစ်သားများသည် ဒုက္ခသည်အိမ်ထောင်စု ၃၀ ထက်မနည်းကို အတင်းအကျပ် နေရပ်ပြန်ပို့ရန်အတွက်နယ်စပ်ကုန်သွယ်ရေးစခန်းဆီသို့ တွန်းပို့ခဲ့ကြောင်း သိရသည်။[81] အံ့အားသင့်စရာမှာ **အိန္ဒိယသည် မြန်မာနိုင်ငံတွင်လည်း နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိုကျူးလွန်နေခြင်း**ဖြစ်သည်။ ၂၀၂၃ ခုနှစ် မတ်လတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း Assam Rifles မှနှစ်ကြိမ်ဝင်ရောက်ခဲ့ပြီး **စစ်အစိုးရ ဆန့်ကျင်ရေး တက်ကြွလှုပ်ရှားသူ အများအပြား ဖမ်းဆီးခံခဲ့**ရသည်။[82]

**အကြံပြုချက်များ-**

**စစ်အစိုးရသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခများ၏ မူလဇစ်မြစ်ဖြစ်ပြီး နေရာတိုင်းရှိ မြန်မာများအပေါ် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများအဓိက ကျူးလွန်သူဖြစ်သည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ဘေးကင်းလုံခြုံမှုရှိစေရေး ဆိုသည်မှာ စစ်အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို အပြီးတိုင်အဆုံးသတ်သွားစေရန်အားလုံးပါဝင်သော လူထုဦးဆောင်ကြိုးပမ်းမှုများကိုကူညီဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။**

**နိုင်ငံတကာအသိုင်းအဝိုင်းသို့**

- **မြန်မာလူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များနှင့် လက်တွဲ၍ ဖမ်းဆီးထိန်းသိမ်းခံရသောလူမှုအဖွဲ့ဝင်များအား အရေးပေါ်ပံ့ပိုးကူညီမှု ယန္တရားများကို ပြုလုပ်ထိန်းသိမ်းရန် ဆောင်ရွက်ရန်။**
- **နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) အန္တရာယ်ရှိသူများအတွက် သံရုံးများမှ လက်လှမ်းမီနိုင်သော အရေးပေါ်ရန်ပုံငွေများ ထောက်ပံ့မှုကို သေချာစေရန်။**
- **နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိစ္စများအတွက် အချိန်နှင့်တပြေးညီ ပြောင်းရွှေ့နေရာချထားရေး သို့မဟုတ် ပြန်လည်နေရာချထားရေး ပံ့ပိုးကူညီမှုပေးရန်။**
- **နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိစ္စများကို မှတ်တမ်းပြုစုခြင်း တိုးတက်စေရန်အတွက် ဒုက္ခသည်များ ဦးဆောင်သော ရေရှည်သုတေသနတွင် ရင်းနှီးမြှုပ်နှံရန်။**

**အရပ်ဘက်အဖွဲ့အစည်းများသို့**

- **နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိစ္စများ ကြိုတင်ကာကွယ်ရေးနှင့် စုပေါင်းတုံ့ပြန်ရန်အတွက် လုပ်ထုံးလုပ်နည်းများ ချမှတ်ရာတွင် မြန်မာအရပ်ဘက်အဖွဲ့အစည်းများနှင့် အိမ်ရှင်နိုင်ငံ အရပ်ဘက်အဖွဲ့အစည်းများညှိနှိုင်းဆောင်ရွက်ရန်။**
- **ရုပ်ပိုင်းဆိုင်ရာနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ခြိမ်းခြောက်မှုများမှ ၎င်းတို့ကိုယ်တိုင် ကာကွယ်နိုင်ရန် လူမှုအဖွဲ့ဝင်များအား သင်တန်းများနှင့် သတင်းအချက်အလက်များမျှဝေရန်။**

[80] Bangkok Post (2 May 2024) India starts deporting Myanmar refugees
[81] RFA (17 May 2024) Indian authorities in Manipur state force Myanmar refugees out of border villagers
[82] The Irrawaddy (20 Mar 2023) Indian Border Security Force's Incursions Into Myanmar Alarm Chin Residents

နိုင်ငံအစိုးရများသို့

- အာဏာသိမ်း စစ်အစိုးရ၊ စစ်အစိုးရ သံရုံးများ၊ နှင့် စစ်အစိုးရနှင့် ဆက်စပ်နေသော လက်နက်ကိုင် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရပ်တန့်ရန်။ ပြည်ပရောက်မြန်မာ့အသိုင်းအဝိုင်းအတွက် အကာအကွယ်သေချာစေရန် မြန်မာလူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ များနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်။
- လက်ခံထားသော နိုင်ငံတကာဥပဒေ စံနှုန်းများကို လိုက်နာပြီးဖိနှိပ်မှုအန္တရာယ်ရှိနေသော မြန်မာဒုက္ခသည်များအား အတင်းအကျပ် နေရပ်ပြန်ပို့ခြင်းကို ရပ်တန့်ရန်။
- ခိုလှုံခွင့်တောင်းခံသူများကို နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ခြိမ်းခြောက်မှုများမှ ကာကွယ်မှုသေချာစေရန်အတွက် ၁၉၅၁ ခုနှစ် ဒုက္ခသည်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး အတည်ပြုရန်။
- ဖိနှိပ်မှုမှလွတ်မြောက်လာသူများကို အန္တရာယ်သို့ပြန်မရောက်ရန်သေချာစေရေးအတွက် ဘက်မလိုက်ဘဲ ပြည့်စုံသော ဒုက္ခသည် အကဲဖြတ်မှု ယန္တရားများကို စီမံရန်။

ထိုင်းနိုင်ငံသို့

- နေရပ်ပြန်ပို့ခြင်း သို့မဟုတ် အတင်းအကျပ်စစ်မှုထမ်းခိုင်းစေခံရနိုင်ခြေရှိသည့် မြန်မာနိုင်ငံသားများ အပေါ် ၎င်းတို့၏ ရွှေ့ပြောင်းနေထိုင်မှု အခြေအနေ သို့မဟုတ် ၎င်းတို့၏ လူမျိုး သို့မဟုတ် ဘာသာရေး မခွဲခြားဘဲ အားလုံးပါဝင်နိုင်စေရန်အတွက် NSM ၏ နယ်ပယ်ကို ချဲ့ထွင်ရန်။
- နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) အမှုများကို တက်ကြွစွာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းဖြင့် ညှဉ်းပန်းနှိပ်စက်မှု တိုက်ဖျက်ရေးဥပဒေကို လုံးစုံအကောင်အထည်ဖော်ဆောင်ရွက်ရန်။

မလေးရှားသို့

- ဒုက္ခသည်များနှင့် ခိုလှုံခွင့်ရှာဖွေသူများအတွက် မဖြစ်မနေ သတင်းအချက်အလက် စုဆောင်းခြင်း အစီအစဉ်များအစား ခိုလှုံခွင့်တောင်းခံသူအားလုံးကို အသိအမှတ်ပြုပေးသည့် ဆန္ဒအလျောက် ပွင့်လင်းမြင်သာသော မှတ်ပုံတင်ရေး ယန္တရားများကို အသုံးပြုရန်။
- သူဇာမောင် ပျောက်ဆုံးမှုအပါအဝင် အစီရင်ခံတင်ပြထားသော နိုင်ငံဖြတ်ကျော် ဖိနှိပ်မှု (TNR) ကိစ္စများကို အများသူငှာ ပွင့်လင်းမြင်သာမှုနှင့် ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ရန်။
- ထိန်းသိမ်းခံရသူအားလုံးအနေဖြင့် သင့်လျော်သော တရားဝင်ကိုယ်စားပြုမှုနှင့် သင့်လျော်သော နေထိုင်မှုအခြေအနေများကို အပြည့်အဝ လက်လှမ်းမှီနိုင်ရန် UNHCR အပါအဝင် NGO နှင့် INGO များအား ထိန်းသိမ်းရေးစခန်းများသို့ဝင်ရောက်ခွင့်ပေးရန်။

ဘင်္ဂလားဒေ့ရှ်သို့

- ရိုဟင်ဂျာ ဒုက္ခသည်များ၏ ရပိုင်ခွင့်များနှင့်လုံခြုံရေး အကာအကွယ်ပေးရန် အတွက်ပြည့်စုံသော ဒုက္ခသည် အကာအကွယ်ပေးရေး မူဘောင်တစ်ရပ်ကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဖော်ဆောင်ပြီး အကောင်အထည်ဖော်ရန်။
- လွတ်လပ်စွာသွားလာနေထိုင်ခွင့်နှင့် စခန်းတွင်းနှင့် အနီးတစ်ဝိုက်ရှိ လူမှုအသိုင်းအဝိုင်းများတွင် အခွင့်အလမ်းများလက်လှမ်းမီရရှိကာအသက်မွေးဝမ်းကျောင်းပြုခွင့်ကို မြှင့်တင်ခြင်းဖြင့် စခန်းအတွင်းနေထိုင်သူများ ချုပ်နှောင်ခြင်းကို ရပ်တန့်ရန်။
- ရိုဟင်ဂျာများအတွက် ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်များသည် လူမှုရေး၊စီးပွားရေး၊နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားဆိုင်ရာ အခွင့်အရေးများပါဝင်ကာ ဆန္ဒအလျောက် အလုံးစုံပါဝင်မှုရှိပြီး၊ လွတ်လပ်စွာသွားလာရွှေ့ပြောင်းနိုင်ခြင်း၊ပြည့်စုံသော နိုင်ငံသားအဖြစ် အခြေအနေတစ်ခုရှိခြင်းနှင့် အာရကန်ပြည်နယ်တွင်ဌာနေတို့၏ အစုအဖွဲ့လိုက်တည်ရှိမှု (တိုင်းရင်းသားလူမျိုးစုအနေဖြင့်) ကိုအသိအမှတ်ပြုခြင်းသေချာမှသာစီမံဆောင်ရွက်ရန်။

အိန္ဒိယသို့

- ထိန်းသိမ်းခံထားရသော ရိုဟင်ဂျာဒုက္ခသည်များအပါအဝင် ဒုက္ခသည်များနှင့် ခိုလှုံခွင့်ရှာဖွေသူများ အားလုံးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အသက်နှင့် လွတ်မြောက်ရေးဆိုင်ရာပြဋ္ဌာန်းထားသော အခွင့်အရေးများကို လိုက်နာရန်။
- ဒုက္ခသည်များထံမှ ဇီဝမက်ထရစ်အချက်အလက်များကို အတင်းအကြပ်စုဆောင်းခြင်းကို ရပ်တန့်ရန်နှင့် ဒေတာ ကာကွယ်ရေး ဥပဒေများကို အားကောင်းစေရန်။ စုဆောင်းထားပြီးသော အချက်အလက်များကို စောင့်ကြည့်ခြင်း သို့မဟုတ် အာဏာသိမ်းစစ်အစိုးရထံ မျှဝေခြင်းအတွက် အလွဲသုံးစားမလုပ်ကြောင်း သေချာစေရန်။